# ကပ်ဘေးကိုကျော်လွှန်ဖို့ ကန့်ကွက်မဲပေးကြစို့
# ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏
# ထုတ်ပြန်ချက်
# (၃/၂၀၀၈)
# (၁၀ – ၅ –၂၀၀၈)

(၁) ပထမဆုံးအနေနဲ့ နာဂစ်မုန်တိုင်းဒဏ်ခံပြည်သူများနည်းတူ ဗမာပြည်ကွန်မြူနစ်ပါတီက လိုက်လှဲဝမ်းနည်းရပါကြောင်း ဖော်ပြလိုတယ်။

(၂) ဒီအချိန်ဟာ တမျိုးသားလုံးအတွက် အမင်္ဂလာအချိန် အမင်္ဂလာကာလ ဖြစ်တယ်။ ကပ်ဘေးဒဏ်သင့် ပြည်သူတွေ ကယ်ဆယ်ကူညီရေးလုပ်ငန်းကို ဦးစားပေးဇောက်ချလုပ်ရမယ့်အချိန်လည်း ဖြစ်တယ်။ ဒါပေမဲ့ ဒါတွေကိုလျစ်လျူရှုပြီး ဒီနေ့မှာပဲ နအဖ က သူ့စစ်အာဏာ တရားဝင်ဖြစ်ရေး တခုတည်းကိုသာ ရည်စူးပြီး ဆန္ဒခံယူပွဲ လုပ်လိုက်တယ်။ အနာဂတ်ကာလတခုလုံး အမှောင်ဖုံးအောင် လုပ်လိုက်ခြင်းပါပဲ။ မဲဆန္ဒရှင်ပြည်သူတွေဟာ နည်းမျိုးစုံ အကွက်ချညစ်ပတ်တာ ခံနေကြရတယ်။ ဘာပဲဖြစ်ဖြစ် ဘဝနဲ့ရင်းပြီး ပြည်သူတွေ ဆန္ဒမဲပေးနေကြပါပြီ။

(၃) စစ်အစိုးရရှိနေသမျှ ဒုက္ခမျိုးစုံ ဆက်ခံစားနေကြရဦးမယ်ဆိုတာ ပြည်သူတွေ သိကြပါတယ်။

နောက် ၂ ပတ် အကြာမှာ ထပ်ပြီး ကပ်ဘေးသင့်ပြည်သူတွေ မဲပေးကြရပါဦးမယ်။ လူမှုဒုက္ခတွေက ကင်းဝေးဖို့ဆိုရင်တော့ သွန်အောပြီး ကန့်ကွက်မဲပဲ ပေးကြပါလို့ တိုက်တွန်းလိုက်ပါတယ်။